

အစိမ်းရောင်
ဒဏ္ဍ်

" အစွဲ "

သည် ဇာတ်လမ်းလေးကိုတော့ စာဖတ်သူများ အနေဖြင့် အစွဲအလမ်း မဖြစ်စေဖို့ ကြိုတင်ပြီး ပြောပါရစေ။ အထူးသဖြင့် အိမ်ပြောင်း အိမ်ရွှေ့ကြသူများ လည်း စိတ်ထဲမှာ ဘယ်လိုမှ အစွဲအလမ်း မထားပဲ ဖတ်ရှု ပေးစေချင်ပါသည် ။

ရန်ကုန်မြို့ရဲ့ အတန်ငယ် တိတ်ဆိတ်ပြီး အေးချမ်းလှတဲ့ ရပ်ကွက်လေး တစ်ခုထဲကို ကားလေးတစ်စီးက တဖြည်းဖြည်းနှင့် မောင်း၍ ဝင်လာလေသည် ။ အချိန်ကတော့ မနက်ခင်း အချိန်လောက် ဖြစ်၏။ ထိုကားလေးက ကိုယ်ပိုင် ကား တစ်စီးတော့ မဟုတ်ပေ။ အိမ်ထောင် ပရိဘောက ပစ္စည်းတွေကို တင်ဆောင်ပြီး သယ်ယူလာတဲ့ ကုန်တင်ယာဉ် အလတ်စား ကားလေး တစ်စီးပါ။ ကားရှေ့ခန်းမှာ စီးလာသည် က ကားမောင်းသမား တစ်ယောက်နှင့် လင်မယား နှစ်ယောက် ဖြစ်ပြီး စသဖြင့် သုံးယောက်ပဲ ပါလာကြလေသည် ။ အနောက် ခန်းထဲမှာ တော့ ပရိဘောဂ ပစ္စည်းတွေနဲ့ ပင်။

ဒီလို ရပ်ကွက်ထဲကို မောင်းဝင် လာပြီး ခဏ အကြာမှာ တော့ အိမ်လေး တစ်အိမ်ရဲ့ အရှေ့မှာ ကားကို ထိုးရပ်လိုက်ပြီး သူတို့ တွေလည်း ကားပေါ်မှ အသီးသီး ဆင်းလာကြကာ ထိုအိမ်လေးကို တွေ့တော့ အမျိုးသမီး ဖြစ်သူက စတင် မေး လိုက်လေသည် ။

"အစ်ကို ငှားထားတဲ့ အိမ်က ဒီအိမ်လား"

ဒီတော့ အမျိုးသား ဖြစ်သူမှ အိမ်လေးကို ကျေနပ်ဟန်ဖြင့် တစ်ချက်ကြည့်လိုက်ပြီး ...

"ဟုတ်တယ်လေ စိမ်းရဲ့ ဒီအိမ်လေးက မဆိုးဘူးမလား"

"အင်း ... မဆိုးပါဘူး စျေးလေးလည်း ချိုတယ် ပတ်ဝန်းကျင်လည်း ရှင်းတယ် စိမ်းကတော့ သဘောကျမိတယ်"

"ဒီလိုပဲ ဖြစ်ရမယ်လေ ... စိမ်းယောက်ျားပဲ ဒီလို ချိုသာတာလေးတွေ ရှာ တတ်ရတာပေါ့"

ဆိုပြီး လင်မယား နှစ်ယောက် ပြောကြ စကြကာ ခဏ အကြာမှာတော့ ကားပေါ်က ပစ္စည်းတွေကို အိမ်ထဲသို့ ပြောင်းကြ ရွှေ့ကြ တော့သည် ။ ပစ္စည်းတွေက သိပ်ပြီးတော့ မများ လှတာကြောင့် ခဏကြာတဲ့ အခါမှာ ပဲ ရွှေ့ပြောင်းခြင်း လုပ်ငန်းက ပြီးဆုံးသွားခဲ့လေသည် ။

ထို့နောက် ကားမောင်းသမားကို ကားခ ပေးချေကာ လင်မယား နှစ်ယောက်သား ပစ္စည်းတွေကို နေရာ ချလိုက်ကြပြီးမှ အမောဖြေနိုင်တော့သည် ။

ကိုပြည့်နဲ့ စိမ်းမို့ တို့ က လက်ထပ် ထားသည် မှာ က မကြာသေးပေ။ တစ်နှစ်သာသာ လောက်ပင် ရှိသေးသည် ။ ကိုပြည့်က အကျိုးဆောင်ကုမ္ပဏီ တစ်ခုမှာ လက်ထောက် မန်နေဂျာ တစ်ယောက်။ စိမ်းမို့ကတော့ အိမ်မှာ ပဲ နေရင်း အိမ်ရှင်မပဲ ဖြစ်နေလေသည် ။ သူတို့ လင်မယားကတော့ အရင်က စိမ်းမို့ရဲ့ မိဘတွေ အိမ်မှာ ပဲ နေခဲ့ကြပေမဲ့ နောက်ပိုင်းမှာ တော့ တစ်အိုး တစ်အိမ်နဲ့ နှစ်ယောက်ထဲ လွတ်လွတ်လပ်လပ် နေချင်တာကြောင့် အိမ်ငှားဖို့ ကို စုံစမ်းရတော့သည် ။

ဒီအချိန်မှာ ပဲ ကံကောင်းချင်တော့ ကိုပြည့်ရဲ့ သူငယ်ချင်း တစ်ယောက်က ပွဲစား လုပ်နေတာကို သတိရလိုက်ပြီး သူ့ဆီမှာ ပဲ ဈေးသက်သက်သာသာနှင့် အဆင်ပြေမည့် အိမ်လေးတစ်လုံးကို ရှာပေးဖို့ အကူညီတောင်းခဲ့တော့သည် ။ ဒီတော့ သူငယ်ချင်း ဖြစ်သူက ညနေပိုင်း အချိန်တစ်ခုမှာ လက်ဖက်ရည်ဆိုင်မှာ အိမ်ကိစ္စ ပြောဖို့ ချိန်းဆိုလိုက်တဲ့ အခါကိုပြည့်လည်း ဝမ်းသာ အားရဖြစ်ကာ ဇနီးသည် ကို အကျိုးအကြောင်းပြောပြပြီး ချိန်းဆိုထားရာ ဆိုင်သို့ ထွက်လာခဲ့လိုက်တော့သည် ။